၂၀၁၆ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**စိတ်ကြိုက်မြန်မာစာ** **ခွင့်ပြုချိန် (၃) နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) သားသက်ဝေ ဝတ္ထုတိုမှ ရရှိသော သင်ခန်းစာများကို ဆွေးနွေး တင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

ဝဇီကိုင် ဝတ္ထုတိုမှ ဆရာကုသ၏ သရော်အဖွဲ့များကို လေ့လာတင်ပြပါ။

(ခ) မြေပိုင်ရှင် ဦးကံကောင်းနှင့်သမီးများ ပြဇာတ်တွင် တွေ့ရသော မိဘနှင့်သားသမီး တို့၏ ဆက်ဆံရေးကို ဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

အာဇာနည်မိခင် ပြဇာတ်သည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များကို မည်သို့ လမ်းခင်းပေးနိုင်ခဲ့ကြောင်း ဆွေးနွေးတင်ပြပါ။

၂။ (က) အောက်ပါတို့မှ **နှစ်ခု**ကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ်)

(၁) ဝါတမိဂ၊မည်ရခေါ်တွင်၊လေနယ်လျှင်သား၊သမင်ဥပမာ၊ တစ်ထုံးနာလော့။
(၂) လုလင်ပျိုထွား၊ သူကောင်းသားလျှင်၊ ဘုရားဟောဖော်၊ တရားတော်ကို၊
ကြားသော်လန်းလန်း၊ ပီတိရွှန်းလျက်။
(၃) တိလော်ကနတ်၊ ဆရာထွတ်ကား၊ ကျောင်းမြတ်ဗိမာန်၊ ဇေတဝန်၌၊
လေးတန်ယာပိုက်၊ နေသောကြိုက်ဝယ်။
(၄) ပြည်သူပြည်သား၊ သူကောင်းများကို၊ ယဉ်ပါးစေအောင်၊ တိမ်ညင်ထောင်သို့။

(ခ) ဆရာကောင်းကို ဆည်းကပ်ရခြင်း၏ အကျိုးကိုသံဝရပျို့မှ ဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

သံဝရပျို့မှ သံဝရမင်းသား၏ ထူးခြားသောစွမ်းရည်များကိုဆွေးနွေးတင်ပြပါ။

၃။ (က) အောက်ပါတို့မှ **နှစ်ခု**အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

ခွန်းထောက်၊ ပြန်ဂဟပ်ကာရန်၊ သဖြန်၊ တြိချိုး။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကို ဖော်ပြ၍ ကာရန်ယူပုံကိုသင်္ကေတဖြင့် ရှင်းပြပါ။ (၁၅မှတ်)

ပန်းစံပယ်၊ နန်းလယ်မှာ မပေါ်ခိုက်ဟာမို့၊ အလိုက်တော်တန်သင့်ရှုပ၊ ခံပွင့်ကိုကုံး။
နန်းရဝေ၊ မန်းမြေမှာ စံပယ်လှိုင်တော့၊ ခံပန်းခိုင် ယာယီရွှေ့တယ်၊ တောလေ့ရှာသုံး။

[ တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခုကို ဖြေပါ။ (၁၀မှတ်)

(၁) ကုန်းဘောင်ခေတ် ငါးရာ့ငါးဆယ်ဝတ္ထုစကားပြေကိုမည်သူရေးခဲ့သနည်း။

(၂) ဘင်္ဂလားသွားစာတမ်းသည် မည်သည့်မင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သနည်း။

(၃) ဒေါက်တာမောင်ဖြူးသည်ကလေးများအတွက် မည်သည့်ရည်ရွယ်ချက်ဖြင့် ပြဇာတ်တိုများကို ရေးခဲ့သနည်း။

(၄) လက်ဝဲသုန္ဒရအမတ်ကြီးရေးဖွဲ့ခဲ့သော စစ်ရေးစစ်ရာနှင့်ပတ်သက်သည့် ပျို့တစ်ပုဒ်ကို ဖော်ပြပါ။

(၅) စိန်ခြူးကြာညောင် အစချီကဗျာကို မည်သူရေးခဲ့သနည်း။

(၆) ဂျိမ်းစ်လှကျော် ရေးခဲ့သော ဝတ္ထု၏ အမည်ကို ဖော်ပြပါ။

(၇) လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးခဲ့သော သမိုင်းနောက်ခံ ဝတ္ထု တစ်ပုဒ်ကို ဖော်ပြပါ။

(၈) ၁၉၀၂ ခုနှစ်က ဦးဘိုးဇော် မြန်မာပြန်ခဲ့သော ဝတ္ထုအမည်ကို ဖော်ပြပါ။

(ခ) ကိုလိုနီခေတ်တွင် နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ပေးသော မြန်မာစာပေများ အကြောင်းကို ဆွေးနွေးပါ။ (၁၅မှတ်)

(သို့မဟုတ်)

ညောင်ရမ်းခေတ်တွင် ပေါ်ထွန်းခဲ့သည့် စကားပြေကျမ်းများကို ဆွေးနွေးပါ။

---